ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ်

ဇီးပင်ကွင်းအုပ်စု၊ ပေကုန်းလေးကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
ရေလယ်ကျွန်း
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရေသာယာချောင်း
ဖါးတရုဦးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီးပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## <u>၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း</u>

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဇီးပင်ကွင်း ကျေးရွာ

၂။ ကရင်ကုန်း ကျေးရွာ

**၃။ ပေကုန်းလေး ကျေးရွာ**

၄။ နှောကုန်း ကျေးရွာ

၅။ ပေကုန်းကြီး ကျေးရွာ

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု) ကျေးရွာ

၈။ အုတ်ပုံ (အရှေ့စု) ကျေးရွာ

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ပေကုန်းလေး ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်း အုပ်စုတွင် တည်ရှိသော ရွာလေးတစ်ရွာဖြစ်သည်။ အိမ်ခြေ-၂၃အိမ်ရှိပြီး လူဦးရေ-၇၅ဦး ဖြင့်ဖွဲ့စည်းထားသော ရွာလေးတစ်ရွာဖြစ်သည်။ ရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်၍ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ယုံကြည်ကြသည်။

ကျေးရွာတည်ရှိခဲ့သည်မှာ နှစ်ပေါင်း-၂၀၀ခန့်ရှိပြီဟု ခန့်မှန်းသိရှိရပါသည်။ ရွာ၏တောင်ဘက် တွင်ရှိသော ပေကုန်းကြီးရွာကို အမှီပြု၍ ပေကုန်းလေးကျေးရွာဟုခေါ်တွင်ကြောင်း သိရပါသည်။ ရွာ၏ အရှေ့ဘက်တွင် ကရင်ကုန်းကျေးရွာ၊ အနောင်ဘက်တွင် နောကုန်းကျေးရွာ၊ တောင်ဘက်တွင် ပေကုန်းကြီးကျေးရွာတို့တည်ရှိသည်။ မြောက်ဘက်တွင် လယ်ကွင်းများတည်ရှိပါသည်။ ပေကုန်းလေး ကျေးရွာသည် ဘက်ရဲ-ကြံခင်း ကားလမ်းမကြီးမှ-၁မိုင်ခန့်ကွာဝေးပါသည်။ ဇီးပင်ကွင်းကျေးရွာနှင့် - ၁ဖာလုံခန့်သာကွာဝေး၍ ကြံခင်းမြို့မှ-၉မိုင်ခန့် ကွာဝေးပါသည်။

ကျေးရွာမှာ လျှပ်စစ်မီးရရှိသော်လည်း လျှပ်စစ်မီးသွယ်တန်းရန် မီးကြိုး၊ ဓါတ်တိုင်၊ မီတာ ဘောက်များ မဝယ်နိုင်၍ မီးလင်းခွင့် မရရှိသော ရွာလေးတစ်ရွာဖြစ်သည်။ ထို့ကြောင့်လျှပ်စစ်မီးရရှိရန် ထောက်ပံ့ငွေရရှိရန် မျှော်လင့်ကြသည်။ ထို့ပြင် ရေရှားပါး၍ ရေလုံလောက်စွာရရှိချင်သော ဆန္ဒကိုယ်စီ ရှိကြသည်။ ရွာချင်းဆက် လမ်းများမှာလည်းကျဉ်းမြောင်းပြီး လမ်းမကောင်း၍ ရွာချင်းဆက်လမ်းများ ကို အဆင့်မြင့်ချင်သော ဆန္ဒများလည်းရှိကြသည်။


အိမ်ထောင်စု-၂၃အိမ်ရှိ၍ ၉-အိမ်မှာလယ်သမားများဖြစ်၍ ကျန်အိမ်ထောင်စုများမှာ လက်လုပ် လက်စားများသာဖြစ်ကြသည်။ သဘာဝ ဘေးအန္တရာယ်အကျရောက်ဖူးသော ရွာလေးတစ်ရွာလည်း ဖြစ်သည်

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 3.10.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 10 | 12 | 22 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 3.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 10 | 12 | 22 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 3.10.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 10 | 12 | 22 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 3.10.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 10 | 12 | 22 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 3.10.2017 | ကျေးရွာရှိအမျိုးသ ားနှင့် အမျိုသမီးများ | 10 | 12 | 22 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 3.10.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 10 | 12 | 22 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 3.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 10 | 12 | 22 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချ က်များ (Village Vision) | 3.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 10 | 12 | 22 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 3.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 10 | 12 | 22 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

- ပေကုန်းလေးကျေးရွာသည် လယ်ယာမြေများ၊ ကိုင်းမြေများကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြ သည်။
- အိမ်ခြေ-၂၃အိမ် ရှိသည့်အနက် အိမ်ခြေ-၁၆အိမ်မှာ လက်လုပ်လက်စားများနှင့် သက်ကြီးရွယ်အိုအိမ် ဖြစ်သည်။
- ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ မူလတန်းကျောင်းရှိပြီး ပညာရေးအသင့်အတင့်ရှိသည်။
- ကျေးရွာ၏လမ်းများမှာ ညီညာမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ သို့သော် လူထုဗဟိုပြု စီမံကိန်းဒုတိယနစ်တွင် ရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့၍ လမ်းပန်း ဆက်သွယ်ရေးအသင့်အတင့်ရှိသည်။
- သောက်သုံးရေနှင့်ပတ်သက်၍ လူထုဗဟိုပြု စီမံကိန်း ပထမနစ်တွင် ရေတွင်းရေကန် တည်ဆောက်ခဲ့၍ ရှားပါးခြင်းမရှိပေ။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ-
    - လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်
    - ဆေးပေးခန်းရှိရန်
    - တစ်ရွာလုံးမီးလင်းရန်
    - စိုက်ပျိုးရေးစက်ကိရိယာ
- ဝင်ငွေတိုးလုပ်ငန်းများရှိရန်

  - မွေးမြူရေးလုပငန်း


  - ရိတ်သိမ်းခြွေလှေ့စက်ရှိရန်

  - ဇာထိုးပန်းထိုးလုပ်ငန်းရှိရန်

  - ချေးငွေပေးသောလုပ်ငန်းရှိရန်

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

<u>ရာသီခွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)</u>

ပေကုန်းလေးကျေးရွာတွင် လယ်ယာနှင့် ကိုင်းလုပ်ငန်းများကို အိမ်ခြေ-၇အိမ်သာ လုပ်ကိုင်ကြပြီး ကျန်-၁၆အိမ်မှာ လက်လုပ်လက်စား လယ်သမားများ ဖြစ်ကြသည်။ ၎င်းလုပ်ငန်းများတွင် လုပ်အားခ တန်းတူညီတူ ရရှိကြသည်။


ကျေးရွာ၏ရာသီဥတုမှာ ဝါဆို၊ ဝါခေါင်လများတွင်သာ မိုးသည်းထန်စွာရွာသွန်းပြီး ကျန်ကာလများတွင် ရာသီဥတုသာယာပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းလများတွင် ဖျားနာတတ်ပြီး ကျန်လများတွင် အသင့်အတင့်ရှိသည်။

ပေကုန်းလေးကျေးရွာတွင် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တပို့တွဲလတွင် ထမင်းနဲပွဲတော်နှင့် တပေါင်းလတွင် အလှူပွဲတော်တို့ ပြုလုပ်ကျင်းပကြသည်။

သောက်သုံးရေနှင့်ပတ်သက်၍ ဖူလုံမှုရှိပြီး အစားအစာနှင့်ပတ်သက်၍ အလုပ်အကိုင်ကောင်းသော လများဖြစ်သော ပွင့်လင်းရာသီများတွင် ပိုမိုဖူလုံပြီး မိုးတွင်းကာလများတွင် ချိုးခြံချွေတာစွာ စားသုံးကြရသည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ဂ) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်




ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ချက် (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)**


ပေကုန်းလေးကျေးရွာတွင် အိမ်ခြေ-၂၃အိမ်ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု-၃အိမ်၊ အသင့်အတင့် အိမ်ထောင်စု-၄အိမ်၊ မပြေလည်သော အိမ်ထောင်စု-၁၅အိမ်နှင့် နွမ်းပါးသော အိမ်ထောင်စု-၁အိမ်ရှိသည်။ နွမ်းပါးသော အိမ်ထောင်စုမှာ သက်ကြီးရွယ်အို အိမ်ဖြစ်သည်။


ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နွမ်းပါးသော အိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုများ၏ အားလပ်ချိန်တွင် အစီအစဉ် ရေးဆွဲပြီး သူတို့ တင်ပြသော လိုအပ်ချက်လုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် လုပ်အားခ ဝင်ငွေရရှိလာနိုင်သည်။ လမ်းများကောင်းသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင် သည်။ ကျေးရွာတွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျှင် ကျေးရွာ၏ သာရေးနာရေး၊လူမှုရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>**






အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)**


ပေကုန်းလေးကျေးရွာ အတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် ဆယ်အိမ်မှူးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာလူငယ်အသင်းအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကဦးဆောင်၍ ဆောင်ရွက်ကြသည်။

ကျေးရွာအတွင်းရှိ ကောက်စိုက်သမအသင်းအဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အသင်းအဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းတို့တွင် အဓိကဦးဆောင်၍ ပါဝင်လုပ်ဆောင်ကြသည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်းချိတ်ဆက်၍ ဆောင်ရွက်သည်။ ကျေးရွာအတွင်းရှိ လူထုဗဟိုပြု စီမံကိန်းအဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ဆောင်ရွက်သည်။ ကျေးရွာမီးသတ်တပ်ဖွဲ့သည်လည်း မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ချိတ်ဆက်၍ ဆောင်ရွက်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**<u>အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်၊ ဆုံးဖြတ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


ပေကုန်းလေးကျေးရွာတွင် စက်ဘီး၊ ဆိုင်ကယ်၊ စက်ရတွင်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ လမ်း၊ အိမ်၊ ကိုင်းတို့ကို အမျိုးသား၊ အမျိုးသမီး တန်းတူ အသုံးပြု၊ ထိန်းချုပ်ကြသည်။

ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့သည် နွား၊ လှည်း၊ လယ်တို့ကို တူညီစွာ အသုံးပြုကြသော်လည်း ထိန်းချုပ်မှုတွင် အမျိုးသားများကသာ ထိန်းချုပ်သည်။ အမျိုးသမီးများသည် ကြက်၊ ဝက်၊ ဈေးဆိုင်တို့ကိုသာ အသုံးပြု၊ ထိန်းချုပ်ကြသည်။

ကျေးရွာအတွင်းရှိ အမျိုးသားများသည် ထွန်တုံး၊ ထယ်တုံး၊ ငုတ်တုံး၊ စက်တုံး၊ ထွန်စက်တို့ကို အသုံးပြုထိန်းချုပ်ကြသည်။ လူမှုရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ အစည်းအဝေးများတက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူ အခွင့်အရေးညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်**




ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


ပေကုန်းလေးကျေးရွာရှိ အမျိုးသမီးများသည် ပညာရေး လက်လှမ်းမှီမှုတွင် အမျိုးသားများထက် အနည်းငယ် အားသာနေသည်ကိုတွေ့ရသည်။


ဝင်ငွေရှာဖွေမှု၊ လူမှုရေးလုပ်ငန်းဆောင်ရွက်မှု၊ အုပ်ချုပ်ရေးပိုင်း၊ လုံခြုံမှု၊ အဖွဲ့အစည်းပူးပေါင်းပါဝင်မှု၊ အရင်းအမြစ်အပေါ် လက်လှမ်းမှီနိုင်မှု၊ ယုံကြည်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမှီမှုတို့တွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ လက်လှမ်းမှီမှုတို့တွင် အားသာနေကြောင်းတွေ့ရသည်။

ပေကုန်းလေးကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေရပြီး အခြားအခွင့်အလမ်းများတွင် လက်လှမ်းမှီမှု အားနည်းကြောင်းတွေ့ရပြီး အမျိုးသားများသည် အမျိုးသမီးများမတွက် အခြားအခွင့်အလမ်းများအား လက်လှမ်းမှီနိုင်ရန် လက်တွဲခေါ်ယူလျှင် အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများတွင်သာမက အခြားအခွင့်အလမ်းများလည်းရရှိလာနိုင်မည်ဟုသုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ပေကုန်းလေးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏အဓိက အခက်အခဲများမှာ ကျန်းမာရေး အခက်အခဲ၊ ပညာဗဟုသုတနည်းပါးခြင်းအခက်အခဲနှင့် ငွေကြေးအခက်အခဲတို့ဖြစ်သည်။


ကျေးရွာရှိ အမျိုးသမီးများ၏ အခက်အခဲပြဿနာတို့မှာ ရာသီဥတုမကောင်းခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ မြို့နယ်နှင့်ချိတ်ဆက်မှုအားနည်းခြင်း၊ လူဦးရေနည်းပါးခြင်းအခက်အခဲနှင့် သတင်းအချက်အလက်ရရှိမှုအားနည်းခြင်းအခက်အခဲတို့သည် အမျိုးသားများနှင့် မတူညီသော အခက်အခဲပြဿနာများဖြစ်သည်။


ကျေးရွာရှိ အမျိုးသားများ၏ အခက်အခဲပြဿနာတို့မှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ အစည်းအဝေးကျင်းပရန်နေရာ အခက်အခဲနှင့် လျှပ်စစ်မီးအိမ်တိုင်း မရရှိသည့်အခက်အခဲတို့သည် အမျိုးသမီးများနှင့် မတူညီသော အခက်အခဲပြဿနာတို့ဖြစ်သည်။

အထက်ဖော်ပြပါ အခက်အခဲပြဿနာတို့မှာ ပေကုန်းလေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နောက်နေးစေသော အခက်အခဲပြဿနာများဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (၉) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း




မျှော်မှန်းချက်

**ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


ပေကုန်းလေးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏ မိမိတို့ကျေးရွာအတွက် မျှော်မှန်းချက်များမှာ အိမ်တိုင်း လျှပ်စစ်မီးရရှိရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ ဆေးပေးခန်းရှိရန်၊ စာကြည့်တိုက်ရှိရန်၊ အစည်းအဝေးခန်းမရှိရန်နှင့် အိမ်တိုင်ရာရောက်ရေရရှိရန်တို့ ကိုတူညီစွာမျှော်မှန်းကြသည်။

ကျေးရွာရှိ အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ လက်မှုပညာ လုပ်ငန်းများ ရှိရန်၊ ချေးငွေလုံလောက်စွာရရှိရန်၊ တစ်ရွာလုံးပညာတတ်ရှိရန်နှင့် တစ်ရွာလုံးချမ်းသာချင်သော မျှော်မှန်းချက်များမှာ အမျိုးသားများနှင့် မတူညီသော မျှော်မှန်းချက်များဖြစ်ကြသည်။

ကျေးရွာရှိ အမျိုးသားများ၏ မျှောမှန်းချက်မှာ လျှပ်စစ်မီးတိုင်များ ကွန်ကရစ်မီးတိုင်ဖြစ်လာရန် အမျိုးသမီးများနှင့် မတူညီပဲ မျှော်မှန်းကြသည်။ အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောမျှော် မှန်းချက်များဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(၈) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်**



<ဒုတိယအကြိမ်စက်ဝန်း>
အုပ်စု - မီးပဒေါင်း
ကျေးရွာ - ပေကုန်လေး

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ရက်စွဲ - ၁၀.၁၂.၁၆

| စီမံကိန်းလုပ်ငန်းစဥ်များ | အဆိုပြုသူ | အမျိုးသား မဲအရေအတွက် | အမျိုးသမီးမဲ အရေအတွက် | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| ရွာတွင်း နှင့် ရွာချင်းဆက် ချောင်းကျော်လမ်း | ကျား၊ မ | ၁၆ | ၂၆ | ၄၂ | ၁ |
| လျှပ်စစ်မီးတိုင် နှင့် မီးကြိုး | ကျား၊ မ | ၈ | ၁၀ | ၁၈ | ၂ |
| အိမ်တိုင်ရာရောက်ရေပေးဝေရေး | ကျား | ၅ | ၁၃ | ၁၈ | ၃ |
| ဆေးပေးခန်း | ကျား၊ မ | ၁ | ၄ | ၅ | ၄ |
| အစည်းအဝေးခန်းမ | မ | ၂ | ၃ | ၅ | ၅ |

ဦးစားပေးလုပ်ငန်းများ

**ကျေးရွာဦးစားပေးလုပ်ငန်းများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ပေကုန်းလေးကျေးရွာသည် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်မဲပေးပြီး ဦးစားပေးအဆင့်-၁ဖြစ်သည့် ရွာတွင်းနှင့် ရွာချင်းဆက်လမ်းချောင်းကျောက်ခင်းခြင်း စီမံကိန်းလုပ်ငန်းကို ဒုတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကျေးရွာတွင် တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကောင်အထည်ဖော်ရန် ဒုတိယနှစ်စက်ဝန်းတွင် ဦးစားပေးအဆင့်-၂ ရရှိခဲ့သည့် လျှပ်စစ်မီးတိုင်နှင့် မီးကြိုးစီမံကိန်းလုပ်ငန်းခွဲကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တစ်ရွာလုံးသဘောတူ ဆန္ဒရှိကြသည်။

ကျေးရွာအုပ်စုရွေးချယ်ပွဲ၌ တတိယနှစ်စက်ဝန်းတွင် လုပ်ငန်းနား၍ စတုတ္ထနှစ်စက်ဝန်းတွင် ဦးစားပေးအဆင့်-၂ ဖြစ်သည့် လျှပ်စစ်မီးတိုင်နှင့်မီးကြိုး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## လူမှုဆန်းစစ်ခြင်း အနစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

လူမှုဆန်းစစ်ခြင်း အနစ်ချုပ်ခြင်း



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



## ၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။ ပေကုန်းလေး**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၃-၁၀--၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးထွန်းထွန်းနိုင် | ၀၉၉၆၈၈၄၄၂၇၈ | |
| ၂ | | ဥက္ကဌ | ဒေါ်နီနီဝင်း | - | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်လင်းထွန်း | ၀၉၄၅၅၃၆၀၆၁၆ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်အေးမိခိုင် | ၀၉၇၈၀၀၂၇၀၇၁ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ခင်သန်းအေး | - | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြစန်း | - | |
| ၇ | | အဖွဲ့ဝင် | ဦးစိုးဝင်း | ၀၉၄၅၅၃၆၀၆၁၆ | |
| ၈ | | အဖွဲ့ဝင် | - | - | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ရီဆွေ | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးအေးစန်း | - | |
| ၁၁ | | အဖွဲ့ဝင် | - | - | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးအောင်တင်ဝင်း | - | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသန်းဝင်း | ၀၉၇၇၃၈၀၃၂၉၀ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သန်းဝင်း | ၀၉၇၇၃၈၀၃၂၉၀ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဝင်းစိုး | - | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်တင်အေးမြင့် | - | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)



### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးသန်းဝင်း | ၀၉-450438284 | ဒေါ်ဝင်းဝင်းလှိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု - ဖိုးမင်းကျွန်း | ကျေးရွာ - ပေကုန်းလေး |
|---|---|---|---|
| ဧရာဝတီ | | | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၃ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၁ ၊ မ - ၃ | | ၄ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၇၂ | ၃၅ | ၃၇ |
| လူမျိုးစု (၁)---ဗမာ--- | ၃၅ | ၃၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၇ | ၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ချောင်းကျောက်လမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၁၀ မိနစ်----------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိပါ
(၂) ----------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးသန်းဝင်း |
| | လက်မှတ် နေ့စွဲ ၂၉-၉-၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ထက်ထက်လွင် |
| | လက်မှတ် နေ့စွဲ ၂၉-၉-၂၀၁၇ |

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်တက်တက်လှမိ | | | |
| နေ့စွဲ ၃•၁၀•၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဦးဖင်ကွင်း | ကျေးရွာ ပေကျင်းလေး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃•၁၀•၁၇ | ၃•၁၀•၁၇ | ၁၀ | ၁၂ | ၂၂ | ၂၂ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃•၁၀•၁၇ | ၃•၁၀•၁၇ | ၁၀ | ၁၂ | ၂၂ | ၂၂ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆•၁၀•၁၇ | ၂၆•၁၀•၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄•၁၂•၁၇ | ၁၄•၁၂•၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂•၁၂•၁၇ | ၂၂•၁၂•၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မည့် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝတ်ဝတ်လွင်

| | |
|---|---|
| နေ့စွဲ ၃.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပေါကြွင်း | ကျေးရွာ ပေကုန်းလေး

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရန်ငွေကြေးအခက်အခဲခြင်း | ၁ | ငွေကြေးမပြည့်စုံခြင်း။ |
| ၂ | ဆေးပေးခန်းလိုအပ်သောအခက်အခဲ | ၂ | မိုးလေဝသ၊ ရာသီဥတုမကောင်းခြင်း။ |
| ၃ | အစည်းအဝေးခန်းမ မရှိ၍ စုဝေးရာ အခက်အခဲ | ၃ | ကျန်းမာရေးအခက်အခဲ |
| ၄ | စာကြည့်တိုက်မရှိ၍ ပညာဗဟုသုတနည်းပါးခြင်း အခက်အခဲ | ၄ | အလုပ်အကိုင်ရှားပါးခြင်း အခက်အခဲ |
| ၅ | အိမ်တိုင်ရာရောက်ရေရရှိရန်ငွေကြေး အခက်အခဲ | ၅ | ပညာတတ်နည်းပါးခြင်း |
| ၆ | | ၆ | ဗဟုသုတနည်းပါးခြင်း၊ |
| ၇ | | ၇ | မြို့နယ်နှင့် ချိတ်ဆက်မှုအားနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းချင်သည်၊ | ၁ | လမ်းမီးလင်းချင်သည်၊ |
| ၂ | လျှပ်စစ်မီးတိုင်များကွန်ကရစ်တိုင်ဖြစ်ချင်သည်၊ | ၂ | ဆေးပေးခန်းရှိချင်သည်၊ |
| ၃ | အိမ်တိုင်ယာရောက်ရေရရှိချင်သည်၊ | ၃ | စာကြည့်တိုက်ရှိချင်ပါသည်၊ |
| ၄ | ဆေးပေးခန်းရှိချင်သည်၊ | ၄ | အစည်းအဝေးခန်းမရှိချင်သည်၊ |
| ၅ | စာကြည့်တိုက်ရှိချင်သည်၊ | ၅ | အိမ်တိုင်ယာရောက်ရေရရှိချင်သည်၊ |
| ၆ | | ၆ | လက်မှုပညာသင်တန်းများပေးစေချင်သည်၊ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ်ဖိုး တိုင် နှင့် ဖိုးကြီး | အမျိုးသား အမျိုးသမီး | | ၇၂ |
| ၂ | အိမ်တိုင်ယာရောက် ရေပေး ဝေရေး | အမျိုးသား | ၆၀ သိန်း | ၇၂ |
| ၃ | ဆေးပေးခန်း | အမျိုးသား အမျိုးသမီး | ၇၀ သိန်း | ၇၂ |
| ၄ | အစည်းအဝေး ခန်းမ | အမျိုးသမီး | ၇၀ သိန်း | ၇၂ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဖြစ်ထွန်းစေနိုင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ချေးငွေလုပ်ငန်း / ငွေစု ချေး | အမျိုးသား အမျိုးသမီး | |
| ၂ | ဈေးဖြန့်ရေး လုပ်ငန်း | အမျိုးသား အမျိုးသမီး | |
| ၃ | အိမ်တွင်း မှုလုပ်ငန်း များ | အမျိုးသမီး | |
| ၄ | လယ်ယာစိုက်ပျိုးရေး အတွက် ဆော်စိတ်ကိရိယာ | အမျိုးသား | |
| ၅ | စိုက်ပျိုးရေး လုပ်ငန်း များ | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးထွန်းထွန်းလွင် လက်မှတ် [signature] နေ့စွဲ ၃.၁၀.၂၀၁၇

ဒေါ်နှင်းနှင်းဝင်း [signature]

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုပိစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှအချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | | |
| နေ့စွဲ ၂၆.၁၀.၁၇ | | အကြိမ်အားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | [illegible] | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၃၅၀၀၀၀၀/- | | | | ၃၅၀၀၀၀၀/- |
| [illegible] | [illegible] | ၂၀'x၁၅' | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၄၀၀၀၀၀၀/- | | | | ၄၀၀၀၀၀၀/- |
| [illegible] | [illegible] | ၂၅ ထိုင် | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၀၀၀၀၀၀/- | | ၁၅၀၀၀ | [illegible] | ၅၀၁၅၀၀၀/- |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် ကျောက်ချောကျောက် လမ်း | (၆၀၀၀' x ၁၀' x ၄") | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် ဦးစောဝင်း၊ ခါဆိုင်ရွာ

လက်မှတ် ---------------    ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ ပေကုန်းလေးကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပေကုန်းလေးကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၃.၁၀.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦ | ၁ | ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အိမ်တိုင်ရာရောက် ရေပေးဝေရေး | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | အစည်းအဝေးခန်းမ | ကျား မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | ၄ | မွေးမြူရေးလုပ်ငန်း | ကျား မ | ၂၀၂၁ | ကျေးရွာလူထု | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန |
| | ၅ | အိမ်တွင်းမှုလုပ်ငန်းများ | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၆ | လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် စက်ကိရိယာ | ကျား | ၂၀၂၃ | ကျေးရွာလူထု | စက်မှုလယ်ယာဦးစီး ဌာန |
| | ၇ | စိုက်ပျိုးရေးလုပ်ငန်းများ | ကျား မ | ၂၀၂၄ | ကျေးရွာလူထု | စိုက်ပျိုးရေးဦးစီးဌာန |
| | | | | | | |
| ကျန်းမာရေးနှင့် လူမှုရေး | ၈ | ဆေးပေးခန်း | ကျား မ | ၂၀၂၅ | ကျေးရွာလူထု | မြို့နယ်ကျန်းမာရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၉ | အသေးစားချေးငွေလုပ်ငန်း | မ | ၂၀၂၆ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | | | | | | |